စိတ်ကူးချိုချိုအနုပညာ

ထက်မြတ်နိုင်ဇင်

# အမှောင်တွေရွာချတဲ့မိုးတိမ်



# အမှာစာ

## (၁)

ရာဇဝင်တွင် ရှေးရှေးအခါမှ စ၍ ရှေးမင်းများ ၏ အာဏာစက်ကြောင့် ဒွန်းစဏ္ဍားး၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန်၊ သင်ချိ စသည့် လူတန်းအနိမ့်ခံနေရသူတို့ လည်း ရှိနေသေးသည် ။ ဤကဲ့သို့ လူတန်းအနိမ့်ခံ နေရရှာသော ဒွန်းစဏ္ဍားး၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန်၊ သင်ချိ စသည် တို့ ကို ယနေ့မှ စ၍ ရှေးအမင်း မင်းတို့ ၏ အာဏာစက်ကို ကျွန်ုပ်ပယ် ဖျက်၍ ထိုသူတို့ ၏ သဘောအတိုင်း လုပ်လိုသောအလုပ်မျိုးစုံကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ကြစေဟု ကျွန်ုပ်အမိန့်ချမှတ်သည် ။

ဤပြည်ထောင်စုမြန်မာနိုင်ငံတွင် ရှိရှိသမျှသော နိုင်ငံသားများ သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပါရှိသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး အခွင့်အရေးချင်းတူညီကြစေ…။

**စပ်ရွှေသိုက်**
**နိုင်ငံတော်ယာယီသမ္မတမိန့်ခွန်း**
**၁၉၈၄ ခု၊ ဇန်နဝါရီ၊ ၄ ရက်**
**နံနက် ၁၀ နာရီ၊ ၁၅ မိနစ်။**

(၂)

ဒွန်းစဏ္ဍားဟူသော လူတန်းစားတစ်ရပ်သည် ဤနိုင်ငံ၏ သမိုင်းတစ်ထောင့်တစ်နေရာတွင် အမှန်တကယ် ရှိခဲ့ဖူးသည် ။ အမှန်တကယ်လည်း နှိမ်ချခွဲခြားခြင်း ခံခဲ့ရဖူးသည် ။ ဤသို့ လူသားချင်းနှိမ်ချခွဲခြားမှုကို မလိုလားသော မြင့်မြတ်သည့် စိတ်ဓာတ်ပိုင်ရှင်တို့ က အခြေခံဥပဒေပါ အခွင့်အရေးနှင့်တကွ ကာကွယ်ပေးပြီးသားဖြစ်သည် ။

လူသည် မိမိတို့ မမွေးဖွားခင်ကတည်းက မည်သည့်မျိုးတွင် ၊ မည်သည့် အသားအရောင် မည်သည့်ဒေသတွင် မွေးဖွားမည်ဟု ရွေးချယ်ခွင့်မရဘဲ လူဖြစ်လာရသည် ။ ထို့ကြောင့် အမျိုးအနွယ်ကိုလိုက်၍ ကောင်းဆိုးနိမ့်မြင့် ဆုံးဖြတ်ချက်များ သည် လူတစ်ဦးချင်းစီအတွက် အဓိပ္ပာယ်မရှိပေ။ လူသည် မိမိတစ်ဦးချင်းစီ၏ လုပ်ရပ်အတွက်သာ တာဝန်ရှိပေသည် ။

ထို့ကြောင့် လူလူချင်းခွဲခြားမှုကိုလည်းကောင်း၊ အများ နှင့်အတူ သိမ်းကျုံး၍ စွပ်စပ်ပြစ်တင်လိုသော သဘောတရားကိုလည်းကောင်း၊ ဆန့်ကျင် တိုက်ဖျက်ရန် ရည်ရွယ်ထားသည် မှာ ထိုဝတ္ထု၏ အနှစ်သာရပင်ဖြစ်သည် ။

(၃)

ဤဇာတ်လမ်း၏ တစ်နေရာတွင် ‘အနာကြီး ရောဂါ’ (နူနာရောဂါ)

သည် ကျိန်စာသင့်နေသည့် ရောဂါမဟုတ်ကြောင်း၊ ဆရာဝန်ကြီးက ရှင်းပြသည့် ဇာတ်ဝင်ခန်း တစ်ခုပါသည် ။ နူနာရောဂါသည် ကျိန်စာကြောင့် ဖြစ်ရခြင်း မဟုတ်။ Mycobacterium Leprae ဟု ခေါ်သော ဘက်တီးရီးယားကြောင့်ဖြစ်ရခြင်းပင်။ ယင်းအချက်အလက်ကို ထည့်သွင်းထားခြင်းသည် ကျန်းမာရေးအရ တစ်စိတ်တစ်ပိုင်း ပညာပေးခြင်းဖြစ်သလို အနုပညာအရလည်း သင်္ကေတ (Symbol)အဖြစ် တင်စားအသုံးပြုလိုက်ခြင်းဖြစ်သည် ။

လူတစ်ယောက်က ဒုစရိုက်မှုကို ကျူးလွန်သည် ဆိုပါစို့။ ယင်းမှာ စိတ်ယုတ်စိတ်ညံ့တည်းဟူသော ဘက်တီးရီးယားက ထိုသူ၏ နှလုံးသားကို တိုက်ခိုက်အောင်ပွဲခံသွားခြင်းကြောင့်သာ ဖြစ်သည် ။ ထိုသူတစ်ယောက်၏ နှလုံးသားကိုယ်ခံအားနည်းပါးလွန်းသောကြောင့်သာ ဖြစ်၏ ။ ဒါကိုဖြေရှင်းနိုင်ရန်မှာ ထိုသူနှလုံးသားထဲက စိတ်ယုတ်စိတ်ညံ့တည်းဟူသော ဘက်တီးရီးယားကို ပပျောက်အောင်ကုသဖို့ သာဖြစ်သည် ။

ထိုသူမျိုးနွယ်၏ ကျိန်စာ၊ ကိုးကွယ်မှု၊ ယုံကြည်မှု စသည် တို့ ကို သိမ်းကျုံးအပြစ်တင်နေခြင်းအားဖြင့် လောက၏ ကောင်းရာကောင်းကျိုးကို ရွက်ဆောင်နိုင်လိမ့်မည် မဟုတ်ချေ။ စိတ်ညံ့ဖျင်းမှုသည် မျိုးရိုးမလိုက်တတ်သော်လည်း ဘက်တီးရီးယားလိုပင် ကူးစက်တတ်သည် ။ အမုန်းတရားများ ၊ စိတ်ညံ့စိတ်ဖျင်းများ သည် နှလုံးသားကိုယ်ခံ အားနည်းသူအချင်းချင်း စုဖွဲ့နေမိသောအခါ တစ်ဦးကိုတစ်ဦး ကူးစက်သွားပြီး အမုန်းတရားလူအဖွဲ့အစည်းကြီး ဖြစ်သွားနိုင်သည် ။

မြပိုးရှံသည် အနာကြီးရောဂါသည် မိခင်မှ မွေးဖွားလာသော်လည်း ရောဂါကူးစက်ခြင်းမခံရမီ ထိုအသိုင်းအဝိုင်းမှ ဆွဲထုတ်ကာ ကောင်းမွန်

သော လူ့အဖွဲ့အစည်းတွင် ပျိုးထောင်ခံရခြင်းသောကြောင့် လှပသော မိန်းကလေး တစ်ယောက်အဖြစ် ကြီးပြင်းလာသည် ။ ဒီသင်္ကေတ အတိုင်းပင် မိမိပတ်ဝန်းကျင် မိမိအသိုင်းအဝိုင်း၌ အမုန်းတရားဘက်တီးရီးယားတို့ ကင်းစင်စွာ နေထိုင်နိုင်ဖို့ လိုအပ်သည် ။

ထို့ကြောင့် လူတစ်ဦးချင်းစီ၏ နှလုံးသား၌ ခိုင်မာမြင့်မားသောပညာနှင့် ဖြူစင်လှပသောမေတ္တာတရားတို့ ကို မွေးမြူတည်ဆောက်ခြင်းဖြင့်သာ လူအချင်းချင်း အမုန်းဖြင့် မခွဲခြားသော လောကသစ်ကို ရောက်ရှိနိုင်ပေလိမ့်မည်။

**မင်းခိုက်စိုးစန်**

*****

# (၁)

ထွန်းတောက်စည်သာက ဟိုတယ်ပေါ်မှ ခပ်ရေးရေးမြင်နေရသော အနောက်ရိုးမတောင်တန်းတွေဆီသို့ ငေးမောကြည့်နေသည် ။

'ဘဝဆိုတာ အလွှာအထပ်ထပ် ကာရံထားတဲ့ အဆောက်အဦး တစ်ခုပဲလား။ အင်း… ငါ့ရင်ထဲမှာ ကျတော့ မိဘရဲ့ မျိုးရိုးဂုဏ်သိက္ခာတွေ… ဟိုတယ်လုပ်ငန်းကြီးတစ်ခုလုံးကို ပိုင်ဆိုင်ထားတဲ့ လုပ်ငန်းရှင်သူဌေးတစ်ယောက်ပီသရမယ့် တည်ငြိမ်မှုတွေနဲ့ အထပ်ထပ်ပိတ်နေလိုက်တာ…။ (လေကို မျက်စိမှိတ်ကာ ရှူသွင်းပြီး) ဟူး… အခုလို မျက်စိတစ်ဆုံးမြင်နေရတဲ့ ရေးဟောင်းမြို့ကြီးရယ်… တောင်တန်းတွေဆီက ဖြတ်သန်းတိုက်ခတ်လာတဲ့ လေကို ရှူရှိုက်လိုက်ရတော့မှ ပဲ ငါ့ နှလုံးသားတစ်ခုလုံး ပေါ့ပါးလွတ်လပ်သွားတော့တာပဲ'ဟု တစ်ယောက်တည်း တွေးတောနေရင်းက သူ့နှလုံးအိမ်သည် တင်္ဒဂငြိမ်းချမ်းနေလေ၏။

ရုတ်တရက် 'တူ… တူ… တူ' ဖုန်းမြည်သံကြောင့် သူ့အတွေးတို့ ပြတ်တောက်သွားသည် ။ ဝင်လာသည့် ဖုန်းကိုကြည့်လိုက်သည့်အခါ သူကနှစ်လိုဝမ်းမြောက်စွာဖြင့် တစ်ချက်ပြုံးလိုက်သည် ။ သို့သော် သူ့အမူအရာက အကျင့်ပါနေသည့်အတိုင်း ပျော့ပြောင်းနူးညံ့မှုမရှိဘဲ လေသံတည်တည်နှင့် ချက်ချင်းပြန်ထူးလိုက်သည် ။

'ဟယ်လို… ပိုးလား…'

'ဟုတ်တယ် အထွန်း... အထွန်း အခုဘယ်မှာ လဲ... ရန်ကုန်မှာ လား ... ပုဂံမှာ လား...'

'ပုဂံမှာ လေ'

'ဟယ်... အခန့်သင့်လိုက်တာ ကြည့်စမ်းပါဦး'

'ဘာလဲ ပိုးက ကိုယ့်ကိုသတိရလို့ ဖုန်းဆက်တာပေါ့လေ'

'အံမယ်... အံမယ်... မတင်စီးစမ်းပါနဲ့ အထွန်းရယ်...။ ဒီဘက်က သူ့ကို သတိရလို့ ဖုန်းဆက်ရဦးမတဲ့ လား...။ ဒီမှာ အလုပ်ကိစ္စတိုင်ပင်ဖို့ လာခဲ့ ရအောင် အထွန်းဆီဖုန်းဆက်လိုက်တာပါနော်'

'ဟာ အတူတူပဲလေ... အလုပ်ကိစ္စပေါ်လာတယ်။ အဲဒီအလုပ်ကိစ္စကို ဘယ်သူနဲ့ တိုင်ပင်မလဲလို့ စဉ်းစားတဲ့ အခါ ပိုး စိတ်ထဲ ကိုယ့်ကိုပဲပြေးမြင်တယ်။ မဟုတ်ဘူး လား၊ အဲဒါ သတိရတာ မဟုတ်လို့ ဘာလဲ...'

တင်တင်စီးပြောလိုက်သော ထွန်းတောက်စည်သာ၏ အပြောကြောင့် မြပိုးရုံက နှုတ်ခမ်းစူပြီး

'အင်းလေ... အထွန်းကနော်...။ စကားပြောရင် အထက်စီးက ပြောချင်တဲ့ အကျင့်ကို လုံးဝမဖျောက်ဘူး။ ထားပါတော့... ထားပါတော့... ပိုးကပဲ သတိရလို့ လာတယ်လို့ ပဲ ထားလိုက်ပါတော့။ အဲဒါနော်... အခု ပိုး... ပုပ္ပါးကနေထွက်ခဲ့ပြီ နာရီဝက်အတွင်း အထွန်းဆီကို ရောက်လာမှာ ။ အဲဒါ ပိုးကို ကြိုရမယ်နော်'

'ဟာ ကြိုမှာ ပေါ့...။ ကိုယ်က ဟိုတယ်ဖွင့်ထားတာပဲလေ။ လာတဲ့ ဧည့်သည် တိုင်းကို အမြဲနွေးနွေးထွေးထွေး ကြိုနေတဲ့ ဥစ္စာ'

' မဟုတ်ဘူး ... မဟုတ်ဘူး ... ပိုးပြောတာ အဲဒီလို မဟုတ်ဘူး ။ အထွန်းကိုယ်တိုင် ပိုးတစ်ယောက်ထဲကို သီးသန့်ဂရုတစိုက်ကြိုရမယ်လို့

ပြောတာ။ ဒါပဲနော် ပိုးက ကားကို ဟိုတယ်အဝင်ဝမှာ တင် ရပ်ခိုင်းပြီး ကျောက်ပန်းတောင်းကို ပြန်လွှတ်မလို့ ။ ပိုးတစ်ယောက်တည်း နေပူထဲ မ ၂၁ လမ်းလျှောက်ပြီး လာခဲ့ရမှာ အထွန်းရဲ့ ။ အဲဒါကြောင့် ဂရုတစိုက်ကြိုရမယ်လို့ ပြောတာ။ သိပြီလား’

‘အင်း… ကိုယ်က စကားပြောရင် အမြဲတမ်း အထက်စီးက ပြောတယ်ထားပါတော့။ ပိုးကလည်း ကိုယ့်ကိုအမြဲတမ်းဂျီကျတတ်တဲ့ အကျင့်က မပျောက်ဘူးနော်။ ဟိုတယ်ထဲအထိ ကားမောင်းဝင်လို့ ရရဲ့ သားနဲ့ တမင်လမ်းလျှောက်လာမှာ ကို နေမပူအောင် ကြိုရမယ်ဆိုတာ သက်သက် ရစ်တာမဟုတ်လို့ … ဘာလဲ။ ကဲပါလေ… ပိုး စိတ်တိုင်းကျ ဂရုစိုက်ကြိုနေပါမယ့်ဗျာ… ဟုတ်ပြီလား’

ပိုးက ကျေနပ်သွားသည့်မျက်နှာဖြင့် ဖုန်းကိုချလိုက်သည် ။ ထွန်းတောက်စည်သာကလည်း ဖုန်းကိုချကာ ဖုန်း Screen တွင် ပေါ်နေသော မြပိုးရုံ၏ ဓာတ်ပုံကိုကြည့်ပြီး နှုတ်ခမ်းများ ပြုံးလာရင်းက

‘ဩော်… ပိုးရယ်။ မင်းနဲ့ ကိုယ်စတွေ့ကတည်းက အဲဒီလို ဂျီကျတတ်တဲ့ အကျင့်လေးတွေနဲ့ စိတ်ကို အမြဲတမ်းဖမ်းစားတတ်ခဲ့တယ်နော်… ဟင်း’

ထွန်းတောက်စည်သာက ကိုယ့်အတွေးကို ကိုယ်သဘောကျစွာ အားရပါးရပြုံးမိရင်းက ခေါင်းတညိတ်ညိတ်နှင့် အဝေးကိုငေးကာ မြပိုးရုံနှင့် သူစတင် ဆုံစည်းပုံကို ပြန်သတိရသွားသည် ။ တစ်ခါတစ်ရံ ‘အတိတ်’ တွေသည် အနာဂတ်ကို ပုံဖော်ထုဆစ်ပေးမည့် ပန်းပုဆရာတွေဖြစ်နေသည် မဟုတ်ပါလား…။

***

ထိုနေ့က… ဗုဒ္ဓဟူးနေ့။ အမြဲလိုလို… ဘုရားဖူးခရီးသည် များ နှင့် ပြည့်နေတတ်သော ပြဿဒ်ကြီးဘုရားသည် … ဒီနေ့တော့… ဘုရားဖူးခရီးသည် မရှိသလောက် ရှင်းနေ၏။ ရုံးပိတ်ရက်မဟုတ်သည့်ကြားရက်မို့လည်း ဖြစ်နိုင်သည် ။ ထွန်းတောက်စည်သာကတော့ ပုဂံဘုရားတွေပေါ် အခေါက်ပေါင်းအကြိမ်ကြိမ်ရောက်ဖူးသော်လည်း သူပုဂံဟိုတယ်ကို တစ်ခေါက်လာတိုင်း… ပုဂံဘုရားအစုံ… ကို တစ်ခေါင်ဝင်ဖူးသည် ။ မြတ်နိုးဖွယ်… ပုဂံသည် သူ့အတွက်တော့ ထာဝရခမ်းနားလှပနေဆဲပင် …။

ထွန်းတောက်စည်သာက ကြည်နူးဖွယ်ငြိမ့်ငြိမ့်လေးလှနေသော ပုဂံမြို့ရှုခင်းကို ဟိုဒီငေးမောကာ လှေကားထစ်များ ပေါ်နင်းရင်း ပြဿဒ်ကြီးဘုရားပေါ်သို့ တက်လာခဲ့သည် ။

'အာ့…'

ထိုစဉ် ခြေထောက်ဆီမှ တစ်စုံတစ်ခု စူးမိသောကြောင့် တွန့်ခနဲဖြစ်သွားရင်းက အောက်ကို ငုံ့ကြည့်လိုက်၏။ ရွှေနားကပ်လေးတစ်ရံ ဖြစ်နေသည် ကို တွေ့လိုက်ရ၏။

'ကျွတ်… စူးလိုက်တာ ဘယ်သူကများ ဒီနားကပ်ကို ကျကျန်ခဲ့ရတာလဲ။ ကိုယ်နားရွက်က နားကပ်တစ်ခုလုံး ကျွတ်ကျတာတောင် မသိဘူးဆိုတော့ တော်တော်နမော်နမဲ့နိုင်တာပဲ…'

ထွန်းတောက်စည်သာက သူတစ်ပါးကို အထင်ကြီး စိတ်တစ်စက်မျှ မရှိတတ်သည့် ဉာဉ်အတိုင်း တစ်ယောက်ကိုလည်း ခပ်တိုးတိုး ရေရွတ်လိုက်မိသည် ။

ထွန်းတောက်စည်သာက ထိုသို့ပြောပြီး နားကပ်ကို ငုံ့ကောက်ကာ ခပ်ဝေးဝေး မြက်ခင်းထဲသို့ အားကုန်လွှင့်ပစ်လိုက်၏။ ထိုသို့ စိတ်ရှိတိုင်းပြုမူလိုက်ရတာကြောင့် ထွန်းတောက်စည်သာတစ်ယောက် ကျေနပ်သွားဟန်ဖြင့် ရှေ့သို့ဆက်တတ်လာခဲ့သည် ။

ထိုသို့ဖြင့် မြပိုးရုံက အောက်ကိုငုံ့ကြည့်ရင်း ကုန်းကုန်းကုန်းကုန်း လမ်းလျှောက်လာခဲ့ရာ ထွန်းတောက်စည်သာက ထောင့်ကွယ်ရာမှ အထွက်နှင့် နောက်ပြန်တိုက်လိုက်မိလေတော့သည် ။

'အင့်'

'အို ဆောရီး... ဆောရီး... ပိုးမမြင်လိုက်မိလို့ နော် တောင်းပန်ပါတယ်'

'ဘယ်မြင်မလဲ မင်းမျက်လုံးတွေက အောက်ကိုပဲငုံ့ကြည့်နေတာကို ဒီလောက် View ကောင်းတဲ့ နေရာကို လာပြီးတော့မှ ရှုခင်းကိုမကြည့်ဘဲ ကုန်းကုန်းကုန်းကုန်းနဲ့ ငုံ့လျှောက်နေတာ... မင်းဒါရောကောင်းသေးရဲ့လား...'

ဟု ဦးခေါင်းကို လက်ဖြင့်ညွှန်ပြပြီး လူတိုင်းကိုသူပြောနေကျ အထက်စီးလေသံဖြင့် ပြောလိုက်သည် ။

'မဟုတ်ပါဘူး ကျွန်မနားကပ် နောက်ပိတ်လေးကျွတ်ပြီး ကျကျန်ခဲ့လို့ အဲဒါဘယ်မှာ များကျွတ်ကျန်ခဲ့သလဲလို့ လိုက်ရှာနေတာပါ'

'ဩော်... အဲဒါမင်းကိုး...'

'ဟင်... ရှင် ဘာပြောတာလဲ'

'စောစောက ငါလှေကားတတ်တဲ့ နေရာမှာ အဲဒီနားကပ်ကို တက်နင်းမိလိုက်သေးတယ်။ ငါ့ခြေထောက်ကို စူးလို့ စိတ်တိုပြီး

လွှင့်ပစ်လိုက်ပြီ’

မြပိုးရုံက သူ့အပြောကြောင့် အံ့သြသွားကာ

‘ဟင်… ရှင်ဘယ်လို လုပ်လိုက်တာလဲ၊ အဲဒါ ရွှေနားကပ်ရှင့်…။

ရွှေအစစ်နဲ့ လုပ်ထားတာ’

‘အေး… သိတယ်… ရွှေဖြစ်ဖြစ် စိန်ဖြစ်ဖြစ်… တန်ဖိုးထားတဲ့ သူတွေအတွက်ကတော့ ခမ်းနားချင် ခမ်းနားပါလိမ့်မယ်။ ငါ့အတွက်ကတော့ ခြေထောက်ကိုနာအောင်လုပ်ရင် ဆူးပဲ’

တင်စီးလှသောသူ့လေသံ၊ သူ့မျက်နှာဘေးကြောင့် မြပိုးရုံ တစ်ယောက် အံ့သြမိသလို ဒေါသလည်း ထွက်သွားမိသည် ။

‘ဟာ… ရှင်က ကြီးကျယ်လှချည်လား။ နေစမ်းပါဦး ကျွန်မ နားကပ်ကိုလွှင့်ပစ်ပြီး အဲဒီလို လေကြီးလေကျယ်ပြောရုံနဲ့ ကျွန်မက ကျွတ်ကျဲသွားမယ်ထင်လို့ လား။ ကဲ… လုပ်စမ်းပါဦး။ ကျွန်မ နားကပ်ကိစ္စကို ရှင် ဘယ်လိုဖြေရှင်းပေးမှာ လဲ’

‘ဟာ… ခက်တာပဲကွာ…’

‘ခက်တာပဲ မလုပ်နဲ့ လေ… ရှင်လုပ်ပြီးရင် ရှင်တာဝန်ယူရမှာ ပေါ့’

ထိုအပြောကြောင့် ထွန်းတောက်စည်သာတစ်ယောက် စိတ်ပျက်သွားမိသည် ။ သူ့ပုံစံက ကလေးတစ်ယောက်လို အလိုမကျဖြစ်သွားရင်းက

‘ဘာ… တာဝန်ယူရမယ်ဟုတ်လား။ ကျွတ်… ငါ့ဘဝကလည်း ကွာ တစ်သက်လုံး တာဝန်တွေဝတ္တရားတွေနဲ့ ကို မလွတ်တော့ပါလား။ အေး ပေါ့လေ… စိတ်ချ စိတ်ချ မင်းကျေနပ်စေရမယ်… ဟုတ်ပြီလား’

ထိုသို့ပြောပြီး ထွန်းတောက်စည်သာက လက်ထဲမှ ဖုန်းကိုနှိပ်ပြီး တစ်စုံတစ်ယောက်ထံသို့ ဖုန်းခေါ်၏။ ဖုန်းဝင်သွားသောအခါ

'မန်နေဂျာကျော်ဦးကို ပေးလိုက်စမ်းကွာ။ (ခဏစောင့်ပြီး) အေး… ကျော်ဦးလား၊ No… No… အဲဒီ ဟိုတယ်ကိစ္စ ခဏထားလိုက်ဦး၊ ငါ ဒီမှာ ဟိုတယ်ထက်ပိုပြီး ခေါင်းစားတဲ့ ပြဿနာတစ်ခုပေါ်နေတယ်။ မင်းဝန်ထမ်းတွေခေါ်ပြီး ပြဿဒ်ကြီးဘုရားကိုလိုက်လာခဲ့။ ဘာတွေယူခဲ့ရမလဲဆိုတာ ငါအခုပြောမယ်၊ သေသေချာချာလိုက်မှတ်…'

ထွန်းတောက်စည်သာ၏ အမြင်ကတ်စရာကောင်းသည့် အပြောကို မြပိုးရုံကတော့ ဂျစ်ကန်ကန်နှင့် ကြည့်နေရင်း ထွန်းတောက်စည်သာ ထိုပြဿနာကို မည်သို့ဖြေရှင်းမှာ ပါလိမ့်ဟု တွေးနေမိ၏။

***

မြပိုးရုံတစ်ယောက် သူ့မဘဝတွင် တစ်ခါမျှမမြင်ဖူးသော အဖြစ်အပျက်ကြောင့် ဘာပြောရမှန်းမသိဘဲ ခဏစွန့်အနေမိ၏။ မြင်ကွင်းက အနီရောင် နှင်းဆီပန်းတစ်ပွင့်လို လှပခမ်းနားသကဲ့သို့ ဆူးတွေလိုနာကျင်ဖွယ်လည်း ကောင်းလှ၏။

ထွန်းတောက်စည်သာ၏ ဝန်ထမ်းများက အသင့်ဖွင့်ထားသော ကတ္တီပါဘူးလေးများကိုကိုင်ကာ စစ်ရေးပြသလို တန်းစီရပ်နေကြ၏။ ထိုဝန်ထမ်းများ ရှေ့မှ မြပိုးရုံက စစ်ရေးပြကိုစစ်ဆေးသည့် ဗိုလ်ချုပ်တစ်ယောက်လို ရှေ့မှ တစ်ယောက်ချင်းစီ လိုက်ကြည့်နေမိသည် ။

ကတ္တီပါဘူးလေးများ ထဲက ရတနာအမျိုးအစားအစုံဖြင့်

ထွင်းခတ်ပြုလုပ်ထားသည့် နားကပ်လေးတွေကို ကြည့်သွားနေရင်း တန်းဆုံးသည့်အခါ ပြန်လှည့် လာပြီး ရုတ်တရက် ထွန်းတောက်စည်သာနှင့် မျက်နှာချင်းဆိုင် လိုက်လေသည် ။

'ဒါက ဘာသဘောလဲ'

ထွန်းတောက်စည်သာ

'မင်းအတွက် နားကပ် ပြန်လျော်ပေးတာလေ။ အဲဒီမှာ ရွှေနားကပ်၊ စိန်နားကပ်ပုံစံမျိုးစုံရှိတယ်။ အဲဒီထဲက မင်းကြိုက်တာတစ်ခု ရွေးယူသွား။ အဲဒါ ငါ့က မင်းနားကပ်ကို လွှင့်ပစ်မိတဲ့ အတွက် ငါတာဝန်ယူလိုက်တာပဲ...'

ကျွတ်... ကြုံရပြန်ပြီ... အဲဒီလေသံနဲ့ မျက်နှာထား...

'ဟုတ်လား အဲဒါ ရှင့်တာဝန်ယူပုံကလည်း အထက်စီးဆန်လိုက်တာ ။ ဒီမှာ ရှင်အခုပြတဲ့ အဲဒီနားကပ်တွေအားလုံးဟာ ကျွန်မနားကပ်ထက် ဈေးပိုကြီးတာမှန်တယ်။ ဒါပေမဲ့ ဘယ်ဟာမှ ကျွန်မ မယူဘူး။ ရှင်စဉ်းစားကြည့်လေ၊ ရှင် အင်မတန်လှပတဲ့ အိပ်မက်တစ်ခု မက်နေမယ်။ အဲဒီ အိမ်မက်မက်နေတုန်း ရှင့်ကိုတစ်ယောက်က လှုပ်နှိုးလိုက်မယ်ဆိုပါတော့။ အဲဒီ အိမ်မက်ကို ဘာနဲ့ ပြန်လျော်ပေးရမလဲ'

မြပိုးရုံကလည်း တမင်တကာပင် အမြင်ကတ်ကတ်နှင့် ခနိုးခနဲ့ အသံဖြင့် ရယ်မောကာပြောလိုက်သည် ။

ထိုစကားကြောင့် ထွန်းတောက်စည်သာတစ်ယောက် စိတ်တိုသွားပြီး

'ဟာ... မင်းကလည်း အဲဒီလိုတော့ ... ကတ် မပြောနဲ့ လေ...'

မြပိုးရုံက 'ကတ်ပြောတာ မဟုတ်ဘူး ။ အဲဒီနားကပ်ဟာ ကျွန်မအတွ

က်တော့ အိပ်မက်တစ်ခုပဲ။ ကျွန်မ မြတ်နိုးလွန်းလို့ ပန်ထားတာ၊ အဲဒီမြတ်နိုးမှုအိပ်မက်ကိုတော့ ရှင်ဘာနဲ့ မှ လျော်ပေးလို့ မရဘူး။ ဒီတော့… ရှင်… လွှင့်ပစ်လိုက်တဲ့ ကျွန်မနားကပ်ကို ပြန်ရဖို့ တစ်ခုခုလုပ်ပါ…။ ကျွန်မ ဘုရားဖူးရင်း စောင့်နေမယ်…’

‘ဟာ… သေပါပြီကွာ။ အရေးထဲ ကဗျာဆရာမနဲ့ လာတွေ့နေတယ်’

မြပိုးရုံက အနိုင်ပိုင်းပြောကာ ထွန်းတောက်စည်သာ ပြန်ပြောသည်ကိုမစောင့်ဘဲ ခပ်ဝေးဝေးထွက်သွားလိုက်သည် ။

***

မြပိုးရုံက ဒီလူ ဘာထပ်လုပ်ဦးမှာ လဲဆိုပြီး ဆရာမကြီး စတိုင်ဖြင့် လက်ပိုက်ကာအိုက်တင်ဖြင့် စောင့်ကြည့်နေလိုက်၏ ခဏအကြာမှာ ပင် ထွန်းတောက်စည်သာ၏ ဝန်ထမ်း အလုပ်သမား၃ဂ ခန့်က စောစောက နားကပ်လွှင့်ပစ်လိုက်သည့် မြက်ခင်းပြင်ထဲ ပိုက်စိပ်တိုက်ရှာကြတော့ သည် ။ မြပိုးရုံကလည်း ဘယ်သူဆီကမျှား သူမနားကပ် ပြန်တွေ့မလဲဟူသော မျှော်လင့်ချက်ဖြင့် ထိုဝန်ထမ်းများကို လိုက်ကြည့်နေ၏။

တစ်ယောက်ချင်းတစ်ယောက်ချင်း ကြည့်ရင်း အစွန်ဆုံးလူဆီသို့ အကြည့်ရောက်လာ၏။ ထိုစဉ်မှာ ပင် မလှမ်းမကမ်း နေရိပ်အောက်ထဲတွင် ကုလားထိုင်တစ်လုံးနှင့် အခန့်သားထိုင်နေသော ထွန်းတောက်စည်သာကို တွေ့လိုက်ရ၏။ သူ၏ ဘေးတွင် ကား Coke ဘူးနှင့် အဲကိုလာ (လေအေးစက်) အသေးစားလေးကလည်း ဖွင့်ထားသေးသည် ။

ရွက်ဖျင်တဲဆောက်ထားပြီး ထိုအောက်တွင် ထွန်းတောက်စည်သာ

က ဇိမ်နှင့်အအေးသောက်ရင်း ခပ်မိန့်မိန့်ထိုင်နေ၏။ ထွန်းတောက်စည်သာ၏ ထိုပုံစံကြောင့် မြပိုးရုံ စိတ်တိုသွားပြီး ထွန်းတောက်စည်သာဆီ ဖောင့်ဖောင့်ဖောင့်ဖောင့်နှင့် သွားလိုက်သည် ။ အနားရောက်သည့်အခါ

'ဒီမှာ ... သူများ တွေက နေပူထဲမှာ ချွေးသံတစ်လုံးလုံးနှင့် နားကပ်ကို ရှာနေကြတယ်။ ရှင့်ကျတော့ ဘာဖြစ်လို့ ဒီမှာ အခန့်သား ထိုင်နေရတာလဲ။ ကိုယ်တိုင်သွားရှာလေ...'

ထွန်းတောက်စည်သာက...

'ဟာ... ဘာလို့ လုပ်ရမှာ လဲ။ ငါ့ ဝန်ထမ်းတွေက ငါ့ကိုယ်စားလုပ်ပေးနေတယ်လေ။ အရေးကြီးတာ မင်း နားကပ်ပြန်ရဖို့ မဟုတ်လား။ မင်းသက်သက်ဂျီမကျနဲ့ လေ။'

'ဟာ... နားကပ်ကို ဖျောက်ပစ်တာကရှင်လေ။ အခုကျတော့ ရှင်က အခန့်သားထိုင်နေပြီးတော့ ရှင့်ဝန်ထမ်းတွေက ကျွန်မနားကပ်ကို ရှာပေးနေရတယ်ဆိုတော့ ကျွန်မရော ကောင်းပဲ့ါမလား။ ရှင်ဟာလေ ပြောလို့ ပြောတာ မဟုတ်ဘူး ။ တော်တော့်ကို အထက်စီးဆန်တဲ့ လူပဲ'

မြပိုးရုံ၏ အပြောကြောင့် ထွန်းတောက်စည်သာက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး...

'ဟာ... မဟုတ်ဘူး လေ။ ဒီဝန်ထမ်းတွေက ငါ့ကို ကိုယ်စားပြုတာ၊ ဥပမာ နိုင်ငံခြားကို ဘောလုံးသွားကန်နေတဲ့ မြန်မာအသင်းက နိုင်တယ်ဆိုပါတော့ အားလုံးဝမ်းမသာကြဘူးလား။ တကယ်တော့ သွားကန်တာ မင်းလည်း မဟုတ်ဘူး လေ။ ငါကန်တာလည်း မဟုတ်ဘူး လေ။ ဒါပေမဲ့ မြန်မာပြည်ကို ကိုယ်စားပြုသွားကန်တဲ့ အတွက်ကြောင့် မင်းရော ငါရော မြန်မာအားလုံးက အနိုင်ရလိုက်သလို ဝမ်းသာကြတာ မဟုတ်လား ၊ ဒီသဘောပဲပေါ့။ သူတို့ ရှာတာဟာ ငါ့ကိုကိုယ်စားပြုပြီး ရှာနေတာပဲဥ

စွာ’

မျှော်လင့်မထားသော တုံ့ပြန်စကားကြောင့် မြပိုးရုံက…

‘ဟာ… ရှင်စကားကိုလိုရာဆွဲမပြောနဲ့ လေ။ ရှင့်ကို ကိုယ်စားပြုတဲ့ လူတွေက နေပူထဲမှာ နေပြီး ရှင်က နေရိပ်ထဲမှာ နေတာ လုံးဝမတရားဘူး’

‘ငါကနေပူထဲထွက်လို့ မရဘူးကွ၊ နေပူထဲ ထွက်ရင် ငါ့အမေဆူလိမ့်မယ်’

လူနှင့်မလိုက် ကလေးဆန်ဆန် သူ့အပြောကြောင့် မြပိုးရုံတစ်ယောက် ပိုပြီး အမြင်ကတ်သွားရင်း…

‘ဘာ… ရှင့်ကို ရှင့်အမေဆူမယ်ဟုတ်လား။ အိုး… သားလိမ္မာလေးပါလား။ မေမေ့ ပူတူတူးလေးပါလား’

ဟု သရော်သလို ပြောလိုက်သည်။

‘ဟာ… မင်း မခနဲ့ နဲ့ ။ ငါတကယ်ပြောနေတာ။ ငါ့အမေက ဖြစ်နိုင်ရင် ငါ့ကို ထမင်းတောင်ခွံ့ကျွေးချင်တာ။ ငါ အခု အသက် အစိတ်ရှိပြီ။ ငါ့အိမ်မှာ ငါ့ခန္ဓာကိုယ်ကို နေပျောက်တစ်စက်တောင် မထိုးဘူးကွ။ မျက်နှာတစ်ချက် အညိုးမခံဘဲနေလာခဲ့တာကွ။ အဲဒီလိုနေလာခဲ့တဲ့ ငါ့ကို ဗိုလ်ကျချင်တဲ့ သူဆိုလို့ မင်းတစ်ယောက်ပဲ တွေ့ဖူးသေးတယ်’

ထိုအခါမှ ထိုလူသည် ဘယ်လိုလူမျိုးဆိုသည် ကို ခပ်ရေးရေး သဘောပေါက်သွား၏။ မြပိုးရုံက…

‘သြော်… သိပြီ သိပြီ။ ရှင်ကတစ်သက်လုံး အဲလိုနေလာခဲ့ရလို့ လူတိုင်းကို အထက်စီးနဲ့ ဆက်ဆံနေတာကိုး။ သဘောပေါက်သွားပြီ။ ဒါပေမဲ့ ရှင် ဘယ်လိုပဲ ပိုက်ဆံ ဘယ်လောက်ချမ်းသာချမ်းသာ ဘယ်လောက်ပဲ

အထက်တန်းကျကျ ဒီမှာ ကိုယ့်ရဲ့ အပြစ်ကိုတော့ သူများကို လွှဲပေးလို့ မရဘူး သဘောပေါက်လား’

‘ငါကဘာကိုသဘောပေါက်ရမှာ လဲ... ဘာကိုသဘောပေါက်ရမှာ လဲ...’

ဟု စည်သာက ကလေးဆိုးကြီး ရန်တွေ့သလို အမူအရာဖြင့် ပြန်ပြောလိုက်၏။

‘ဟာ... ဒီမှာ ရှင်က လူတစ်ယောက်ကို သတ်မိတယ်ဆိုပါတော့။ ရှင့် ဝန်ထမ်းတစ်ယောက်ကို ရှင့်ကိုယ်စား ထောင်ထဲထည့်လိုက်လို့ မရဘူး။ ရှင်လုပ်တဲ့ အပြစ်ကို ရှင်ပဲခံရမှာ ။ အခုလည်း ကျွန်မနားကပ်ကို ဖျောက်ခဲ့တာကရှင်။ အပြစ်ရှိတာကရှင်။ ရှင်ကိုယ်တိုင်ပဲ ရှာပေးရမယ်’

‘ဟာ... ရေရေလည်လည်ရစ်ပြီကွာ’

‘စကားတတ်သော ချာတိတ်မ’ပဲ ဆိုသော အဓိပ္ပာယ်ဖြင့် မြပိုးရုံကို ကြည့်လိုက်မိ၏။

ထိုအချိန်မှာ ပင် ဝန်ထမ်းတစ်ယောက်၏ လှမ်းအော်ပြောသံကို မြပိုးရုံတို့ ကြားလိုက်ရသည် ။

‘ဆရာ ဒီမှာ တွေ့ပြီ၊ ဆရာ နားကပ် တွေ့ပြီ’

ထိုဝန်ထမ်းက နားကပ်လေးကိုကိုင်ကာ ဝမ်းသာအားရ ပြေးလာသည် ။

‘ကဲ... ဟိုမှာ မင်းနားကပ်ပြန်ရပြီ မဟုတ်လား။ ပြန်ယူသွားတော့’

မြပိုးရုံက ထိုဝန်ထမ်းပေးသည့်နားကပ်ကို လှမ်းယူလိုက်၏။

‘ပိုးရဲ့ နားကပ်ကို အခုလိုပြန်ရှာပေးတာ ကျေးဇူးတင်ပါတယ်နော်’

ဟု ဝန်ထမ်းကို ကြည့်ကာ လေးလေးစားစားနှင့် ပြောလိုက်သည် ။

ထိုအပြောကြောင့် ထွန်းတောက်စည်သာက မြပိုးရုံကို လေးစားသွားမိ၏။ ပြီးမှ

'ဟာ... ကိုယ်ကရှာခိုင်းတဲ့ သူလေ၊ ကိုယ့်ကို ကျေးဇူးတင်တယ်လို့ မပြောတော့ဘူးလား'

ဟု အနည်းငယ်ပြုံးရင်း နောက်ပြောင်လိုက်၏။

'မပြောနိုင်ဘူး'

မြပိုးရုံ တစ်လုံးတည်း ပြတ်ပြတ်သားသား ပြောကာ လှည့်ထွက်သွားဖို့ ပြင်လိုက်သည် ။

'မင်းနာမည်က ပိုး တဲ့ လား။ အနည်းဆုံးတော့ ကိုယ့်ကို ကျေးဇူးတင်တယ်လို့ ပြောသွားသင့်တာပေါ့ ပိုးရယ်'

'ကျွန်မကို ပိုးလို့ မခေါ်ပါနဲ့ ။ ပိုးဆိုတာ ရင်းနှီးတဲ့ သူတွေပဲခေါ်တာ။ ကျွန်မ နာမည် မြပိုးရုံ'

မြပိုးရုံက ပြောပြီး လှည့်ထွက်သွားသည် ။ ထိုစဉ် ထွန်းတောက်စည်သာက လှမ်းပြောလိုက်၏။

'မင်းကို ကိုယ်က ဆက်ဆံတဲ့ ပုံစံမှာ အထက်စီးဆန်တယ်လို့ ထင်ပြီးတော့ မင်းရင်ထဲနာကျင်သွားရင် ကိုယ့်ကိုခွင့်လွှတ်ပါကွာ။ တကယ်တော့ အဲဒီလိုအထက်စီးဆန်တတ်နေတာ ကိုယ်က တမင်ကြောတာ မဟုတ်ပါဘူး။ အဲဒါတကယ်တော့ ကိုယ့်အားနည်းချက်ပါပဲ။ ကိုယ်က ငယ်ငယ်ကတည်းက ဒီလိုပတ်ဝန်းကျင်နဲ့ ကျင့်သားရလာခဲ့လို့ ပါကွာ။ မင်းလိုချင်တဲ့ ရိုကျိုးမှုမျိုး ရှိမနေတဲ့ တွက် တောင်းပန်ပါတယ်။ ဒါကို ကိုယ့်ရဲ့ မွေးရာပါအားနည်းချက် တစ်ခုအနေနဲ့ ခွင့်လွှတ်ပေးပါလားဟင်'

ထွန်းတောက်စည်သာ၏ တောင်းပန်စကားကြောင့် မြပိုးရုံက အနည်းငယ်စဥ်းစားပြီး ခြေလှမ်းများ ရပ်သွားပြီး

'sorry ပဲ။ ရှင့်နာမည်က…'

'ကိုယ့်နာမည်က ထွန်းတောက်စည်သာပါ'

'sorry ပဲ ကိုထွန်းတောက်စည်သာ စောစောက ကျွန်မ ရှင့်ကိုပြောတာ ရင့်သီးသလိုဖြစ်သွားတယ် စိတ်မကောင်းပါဘူး'

'ကိုယ့်ကို ခွင့်လွှတ်တယ်ဆိုရင် နောက်တစ်ခါ လမ်းမှာ တွေ့တဲ့ အခါ မြပိုးရုံကို ပိုးလို့ ခေါ်လို့ ရမလားဟင်…'

မြပိုးရုံက ခေါင်းမညိတ်ခေါင်းမခါဘဲ နှုတ်ခမ်းလေးတွန့်ရုံပြုံးပြပြီး လှည့်ထွက်သွားတော့သည် ။

***

မြကနုတ်ဘောင်တွင် ရွှေဝါရောင်စာလုံးများ နှင့် ထွင်းထုထားသော 'စည်သာ'ဟုိတယ်ဆိုသည့် ဆိုင်းဘုတ်ရှေ့တွင် Tour တစ်စီးက ရပ်တန့်လိုက်၏။ ထို့နောက် ထို့နောက် လက်ကိုင်ဖုန်းကို ထုတ်ကာ မြပိုးရုံက

ဖုန်းဆက်လိုက်သည် ။

'ဟယ်လို… အထွန်းရေ ပိုး ရောက်ပြီ။ လာကြိုတော့လေ'

'ok… ok…'

မပျော့ပြောင်းသော်လည်း ချိုသာကြည်လင်သော ထွန်းတောက်စည်သာ၏ အသံကြောင့် မြပိုးရုံတစ်ယောက် စိတ်လှုပ်ရှားသွားမိ၏။ ထွန်း

တောက်စည်သာတစ်ယောက် သူမဆီ ဘယ်လိုလေးများ ရောက်လာမလဲဟု စောင့်မျှော်ရင်ခုန်ရသည့် ခဏတာသည် မြပိုးရုံအဖို့ တော့ ပင်ပန်းလာသမျှ ပြေပျောက်ရသည် ။

ပိုးက ဖုန်းကိုသိမ်းပြီး ခြေလှမ်းစလှမ်းလိုက်စဉ်မှာ ပင် ထွန်းတောက်စည်သာကလည်း တစ်ဆက်တည်း သူ့ဝန်ထမ်းတွေကို အချက်ပြလိုက်သည် ။ ပိုး လျှောက်လာမည့်လမ်းရှေ့တွင် အနီရောင်ကောဇောတစ်ခု ဖြန့်ခင်းကျလာ၏။ အရှေ့သို့လှမ်းကြည့်စဉ် လမ်းတစ်လျှောက်အပြည့် ဖြန့်ခင်းထားသော ကောဇောအနီရောင်ကြီးကြောင့် မြပိုးရုံ မင်သက်အံ့သြသွားသည် ။

မြပိုးရုံက

‘ဟင်…’

ထိုကောဇောအနီရောင်တင် မကသေးချေ။ မြပိုးရုံ လမ်းလျှောက်လာရာ လမ်းတစ်လျှောက် ပုသိမ်ထီးရောင်စုံလေးများကို ကြိုးများ ဖြင့်သီတန်းပြီး နေရာအနှံ့မိုးထားပေး၏။

ထင်မှတ်မထားသော မြင်ကွင်းကြောင့် မြပိုးရုံတစ်ယောက် အံ့သြပြီး တစ်လှမ်းချင်းလျှောက်နေမိသည် ။ထိုသို့ဖြင့် တဖြည်းဖြည်းဟိုတယ်ထဲသို့ ရောက်လာသည် ။ရောက်လာလာချင်းမှာ ပင် ဝရန်တာဆီသို့ ပိုးက မော့ကြည့်လိုက်စဉ် ဝရန်တာမှ ပြုံးကာ လက်ယက်ခေါ်နေသော ထွန်းတောက်စည်သာကို တွေ့လိုက်ရ၏။

မြပိုးရုံစိတ်ထဲ တစ်မျိုးလေးဖြစ်သွားပြီး

‘သြော်… အထွန်းရယ်၊ ပိုးပြောတဲ့ ဂရုတစိုက်ကြိုဆိုပါဆိုတဲ့ အဓိပ္ပာယ်က အထွန်းကိုယ်တိုင် ပိုးကို ထီးလေးမိုးပြီး ယုယုယယလာကြိုတာကို

ဆိုလိုချင်တာပါ အထွန်းရယ်၊ အထွန်းအတွက်ကတော့ ‘ဂရုတစိုက်’ ဆိုတာကို ‘ခမ်းနားခြင်း’လို့ အဓိပ္ပာယ်ဖွင့်ဆိုချင်တာကိုး…။ ခက်လိုက်တာ အထွန်းရယ်၊ အထွန်း… နားလည်အောင် ပိုး ဘယ်လိုပြောပြရမလဲ မသိတော့ဘူး’

မြပိုးရုံက တွေးရင်း သက်ပြင်းတစ်ချက်ကြိတ်ချလိုက်မိ၏။

ပြီးနောက် ပိုးကလေးလံသော ခြေလှမ်းများ ဖြင့် လျှောက်လှမ်းရင်း ဟိုတယ်ထဲသို့ ဝင်လာလိုက်သည် ။

***

မြပိုးရုံ အပေါ်သို့ရောက်လာသောအခါ ထွန်းတောက်စည်သာက

‘ဘယ်လိုလဲ ပိုး… ပိုး ခြေဖဝါးနုနုလေးတွေ ပူမှာ စိုးလို့ ကော်ဇောခင်းခိုင်းထားတယ်။ ပိုးတစ်ကိုယ်လုံး နေပြောင်မထိုးအောင် လည်း ကိုယ်စီစဉ်ပေးထားတယ်။ ကဲ… ဘာလိုသေးလဲ။ ကိုယ် ပိုးကို ကြိုဆိုတဲ့ ပုံက ဘာများ ချို့ယွင်းချက်ရှိသလဲ။ လုံးဝပြီးပြည့်စုံတယ်လို့ မခံစားရဘူးလား’

သူ့အပြောကြောင့် ပိုးက နှုတ်ခမ်းလေးကို မသိမသာ တစ်ချက်တွန့်လိုက်ပြီး…

‘ရုပ်ဝတ္ထုအနေနဲ့ ဆိုရင်တော့ အားလုံးပြည့်စုံပါတယ်။ ဒါပေမဲ့ အရေးကြီးတာတစ်ခုပဲ လိုတယ်။ အဲဒါနွေးထွေးခြင်းပဲ’

‘ဟာ… ဒီလုကြိုဆိုတာကို ပိုးက ဘာလို့ နွေးထွေးမှု မပါဘူးလို့ ခံစား

ရတာလဲ’

‘ဟ… တကယ်ခင်တဲ့ သူငယ်ချင်းတွေကြားထဲမှာ ခမ်းနားပြဖို့ လိုလို့လား အထွန်းရယ်။ အထွန်း ဘယ်လောက်ချမ်းသာသလဲဆိုတာ ပိုးသိတယ်။ အထွန်းမှာ ရှိတဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ဘာတွေဖန်တီးနိုင်လဲဆိုတာကိုလည်း ပိုး သိသားပဲ။ အဲဒါတွေဟာ ပိုး တကယ်လိုချင်တဲ့ အထွန်းရဲ့ ဂရုစိုက်အရေးထားမှု မဟုတ်ဘူး လေ။ ဘာဖြစ်လို့ အထွန်းကိုယ်တိုင် ဆင်းလာမကြိုနိုင်ရတာလဲ။ ဘာလဲ… အထွန်းက ပိုးဆိုတဲ့ သာမန်မိန်ကလေးတစ်ယောက်ကို ကြိုဖို့ အတွက် လှေကားက ဆင်းလာရမှာ ဝန်လေးနေလို့ လား’

အမြင်ကတ်ကတ်နှင့် မြပိုးရုံက စိတ်ထဲရှိသည့်အတိုင်း တရစပ်ပြောချလိုက်၏။ ထွန်းတောက်စည်သာက

‘ဟာ… ပိုးကတော့ ဂျီကျပြီကွာ…။ ပိုးရဲ့ ပုံစံကိုသာ တခြားသူတွေမြင်သွားရင် Tour ကုမ္ပဏီကြီးတစ်ခုလုံးကို ဦးစီးနေတဲ့ လုပ်ငန်းရှင်မိန်းကလေးတစ်ယောက်လို့ ဘယ်သူမှ ထင်မှာ မဟုတ်ဘူး ။ သူငယ်ချင်းတွေအချင်းချင်းကို ဗိုလ်ကျအနိုင်ယူတတ်တဲ့ ၉တန်း ၁၀တန်း ကျောင်းသူကလေးကျနေတာပဲ။ ကဲပါကွာ… ဂျီကျမနေစမ်းပါနဲ့ ၊ အလုပ်ကိစ္စတိုင်ပင်ချင်လို့ ဆို… ပြောလေ’

‘အထွန်း… ဟာလေ… အမြဲတမ်း ဒီအတိုင်းပဲ။ ဘာလို့ … ပိုးကျေနပ်အောင် မဖြေရှင်းပဲ တခြားစကားတွေ လျှောက်လွှဲနေရတာလဲ…’

မြပိုးရုံက ထွန်းတောက်စည်သာ၏ အေးတိအေးစက်နိုင်ပုံကို စိတ်ထဲကနေသာ အပြစ်တင်လိုက်မိသည် ။

‘မိန်းကလေးတစ်ယောက်အနေဖြင့် ထို့ထက်လှစ်ဟမပြသင့်တော့ပါဘူးလေ’ဟု ဆင်ခြင်မိတာကြောင့်

မြပိုးရုံက ခဏငြိမ်သွားပြီးမှ သက်ပြင်းချကာပြောလိုက်သည် ။

'ဟုတ်ပါပြီလေ၊ အလုပ်ကိစ္စဆိုတော့လည်း ပြောရတာပေါ့။ မကြာခင် ပိုးတို့ Tour ကုမ္ပဏီက စီစဉ်ပေးရမယ့် နယ်သာလန်က Pack- age Tour အယောက် ၆၀ လောက် လာလိမ့်မယ်။ အဲဒီထဲမှာ လူစုံဆိုတော့ အဘိုးကြီး အဘွားကြီးလည်း ပါမယ်။ ကလေးလည်း ပါမယ်။ တချို့ဆိုလည်း ဝိုးချဲ့နဲ့ မှ အဆင်ပြေမယ်။ တချို့ကျတော့လည်း သတ်သတ်လွတ်စားတဲ့ သူလည်း ပါမှာ ပေါ့အထွန်းရယ်၊ သူတို့ ကို ဟိုတယ်တစ်ခုထဲမှာ ထားပြီး သူတို့ တစ်ယောက်ချင်းစီကို Perfect ဖြစ်အောင် စီစဉ်ပေးဖို့ ကျတော့ အထွန်းရဲ့ ဟိုတယ်နဲ့ ပဲ ချိတ်မှ အဆင်ပြေမှာ လေ...'

'လူနိုင်ဆိုပြီး ဒီဟိုတယ်ကို စိတ်တိုင်းကျ ညှည်းတော့မယ်ပေါ့။ ဟုတ်တယ် မဟုတ်လား'

ဟု ထွန်းတောက်စည်သာက ရယ်ပြုံးပြုံးနှင့် ပြောလိုက်သည် ။

မြပိုးရုံက...

'ဟာ... မဟုတ်ပါဘူး အထွန်းရယ်၊ ဒါကpersonal နဲ့ မဆိုင်ပါဘူး။ အထွန်းရဲ့ ဟိုတယ် ဝန်ဆောင်မှုနဲ့ ပဲဆိုင်ပါတယ်။ အထွန်းတို့ ဟိုတယ်ရဲ့ ဝန်ဆောင်မှုကို ပိုးက သဘောကျလို့ ပါနော်။ နို့မို့ဆိုလို့ ကတော့ ဘယ်လောက်ရင်းနှီးရင်းနှီး အလုပ်ကို personal နဲ့ မရောဘူး သိလား... ဟွန်း...'

'ကဲ... ဟုတ်ပါပြီ၊ ဒေါ်မြပိုးရုံရယ်... အလုပ်လုပ်တဲ့ နေရာမှာ ပိုးက ဘယ်လောက်တော်ပြီး ဘယ်လောက်စေ့စပ်တိကျသလဲဆိုတာ သိပါတယ်။ ကိုယ်အားလုံး အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်'

'ဒါပေမဲ့နော်... အထွန်း... လာမယ့် Tour က များ တယ်ဆိုတော့ တ

စ်နေရာထဲမှာ အစားအသောက်အစ စီစဉ်ဖို့ ဆိုရင် အထွန်းတို့ ဘက်က အဆင်ပြေနိုင်ပါတယ်နော်။ ပြီးတော့ အဲဒီအယောက် ၆၀ ထဲမှာ က မိသားစုတွေ ဘာတွေကလည်း ပါလာဦးမှာ ဆိုတော့...'

ထွန်းတောက်စည်သာက ပိုင်နိုင်သေချာစွာပြုံးလိုက်ပြီး...

'ဘာမှ စိတ်ပူမနေနဲ့ ...။ ကိုယ်အားလုံး အဆင်ပြေအောင် စီစဉ်ပေးမယ်။ ဧည့်သည် တစ်ယောက်ချင်းစီရဲ့ ကိုယ်ရေးအချက်အလက်တွေ၊ သူတို့ ကြိုက်တာတွေ၊ သူတို့ မကြိုက်တာတွေနဲ့ သူတို့ စားမယ့် အစားအစာနဲ့ မစားမယ့်အစားအစာ၊ မိသားစုက ဘယ်နှစု အဲဒီလို Data တွေကို စာရင်းပြုစုပြီးတော့ ပိုးရဲ့ ရုံးကနေ Fax ထိုးပေးလိုက်။ ဒီက မန်နေဂျာကို အားလုံးစီစဉ်ခိုင်းထားမယ်'

'အင်း... ဒါဆို ပိုး အမြန်ဆုံးစီစဉ်လိုက်တော့မယ်နော်'

'ပိုးက... အဲဒီ Data တွေကို အစောဆုံး ဘယ်တော့လောက် ကိုယ့်ဆီပို့ပေးနိုင်မလဲ'

'ပိုးက ဒီနေ့ညပဲ ရန်ကုန်ပြန်မှာ ။ မနက်ဖြန် ရန်ကုန်ရုံးရောက်တဲ့ အခါကျမှ နယ်သာလန်က Agent နဲ့ ဆက်ပြီး အဲဒီ Data တွေတောင်းလိုက်မယ်လေ။ သန်ဘက်ခါလောက်ဆို ပေးလို့ ရပါပြီ။ အထွန်းရော... ဘယ်တော့ ရန်ကုန်ပြန်ဦးမှာ လဲ'

ထွန်းတောက်စည်သာက တွေးတွေးဆဆနှင့်

'ဟိုတယ်မှာ အသေးစား ပြင်ဆင်မှုလေးတွေ လုပ်နေလို့ ကိုယ်က ပုဂံမှာ ပဲ ရှိဦးမယ်။ ရှေ့အပတ်ထဲကျမှ ရန်ကုန်ပြန်ဆင်းရင် ဆင်းဖြစ်မယ် ။ ရန်ကုန်ရောက်ရင်လည်း သိပ်အကြာကြီးနေဖြစ်မယ် မထင်ပါဘူး။ နှစ်ရက်၊ သုံးရက်လောက်ပါပဲ'

'သြော်... ဟုတ်လား၊ ဒါ ဆိုရင်တော့ ပိုးနဲ့ အထွန်း ရန်ကုန်မှာ ဆုံးဖြစ်မယ် မထင်တော့ဘူး။ အေးလေ... ဆုံဖြစ်တာ မဆုံဖြစ်တာ အရေးမကြီးပါဘူး။ ပိုးနဲ့ အထွန်းက ၉တန်း၊ ၁၀တန်းကလေးလေးတွေ လို သူငယ်ချင်းနဲ့ ဆုံချင်တယ်ဆိုပြီး မနူးမနပ်နဲ့ စိတ်ရူးပေါက်သလို လျှောက်လုပ်လို့ မှ မဖြစ်တာ ဟုတ်တယ်မဟုတ်လား'

'ကလေးလေးလို လျှောက်လုပ်လို့ မဖြစ်ဘူး'ဟု ကလေးဆန်ဆန် စကားနာထိုးနေသော ပိုးကို အထွန်းက ရယ်ချင်သွားမိသည် ။ သို့သော် ရယ်ချင်စိတ်ကို ထိန်းလိုက်ရင်း...

'ကဲ... ကြည့်... ပိုးက ကိုယ့်စကားနဲ့ ကိုယ့်ကိုပြန်ပြီး အနိုင်ယူပြန်ပြီ။ တအားဆိုးတာပဲကွာ...'

အထွန်း၏ 'တအားဆိုးတာပဲကွာ' ဆိုသည့်အဆုံးသတ်စကားလုံးတွင် ငြိတွယ်နေသော ရွှေချည်ထိုးသံယောဇဉ်မျှင် တစ်စွန်းတစ်စကြောင့် စောစောက သူမ စိတ်တိုင်းမကျခဲ့သမျှ အရာအားလုံးသည် ထိုစကားလုံးလေးမှာ ပင် နစ်မြုပ်စူးဝင်သွားတော့၏။

ပိုးက ကြည်နူးစွာဖြင့် ပြုံးပြီး မျက်စောင်းထိုးလိုက်သည် ။

အထွန်းနှင့် ပိုးတို့ ၏ ဆုံတွေ့မှု အဆုံးသတ်တိုင်းသည် ထိုကဲ့သို့ပင် အမြဲရွှေရောင်လက်နေပါစေ...။

***